# ပုညကိရိယာဝတ္ထု (၁၀) ပါး

၁။ ဒါန = စေတနာဒါန၊ ဝတ္ထုဒါန (၂)

↓ ပုဗ္ဗစေတနာ၊ မုဉ္စစေတနာ (သန္နိဋ္ဌာနစေတနာ)၊ အပရစေတနာ (၃)

ဟီနဒါန = ဆန္ဒ ဝီရိယ စိတ် ပညာတို့ ခပ်ညံ့ညံ့ဖြင့် ပေးသောဒါန

မဇ္ဈိမဒါန = ဆန္ဒစသည်တို့က အလယ်အလတ်ကောင်းဖြင့် ပေးသောဒါန

ပဏီတဒါန = ဆန္ဒစသည်တို့က ထက်ထက်သန်သန်ဖြင့် ပေးသောဒါန

ဟီနဒါန = အခြံအရံ ကျော်စောဂုဏ်သတင်းကို လိုလား၍ ပေးသောဒါန

မဇ္ဈိမဒါန = ကောင်းမှုအကျိုးကို ရလို၍ ပေးသောဒါန

ပဏီတဒါန = အကျိုးကို မမျှော်ဘဲ (သူတော်ကောင်း ပြုမြဲ ဒါန စောင့်ရမည်

ဖြစ်သောကြောင့်) ပေးသောဒါန

ဟီနဒါန = မိမိကို မြှောက်၍ သူတပါးကို နှိမ့်ချလိုသော စိတ်ဖြင့် ပေးသောဒါန

မဇ္ဈိမဒါန = ကိုယ့်အကျိုးကား၍ ဘဝချမ်းသာကို တောင့်တ၍ ပေးသောဒါန

ပဏီတဒါန = မဂ်ဖိုလ် နိဗ္ဗာန် ချမ်းသာကို တောင့်တ၍ ပေးသောဒါန

ဟီနဒါန = ဘဝစည်းစိမ်ကို တောင့်တ၍ ပေးသောဒါန

မဇ္ဈိမဒါန = မိမိ၏ သံသရာမှ လွတ်မြောက်ရေးအတွက် မျှော်၍ ပေးသောဒါန

ပဏီတဒါန = သတ္တဝါအပေါင်း၏ သံသရာမှ လွတ်မြောက်ရေးအတွက် မျှော်၍ ပေး

(ဘုရားအလောင်းတို့၏ ဒါနပါရမီ)

၂။ သီလ = ဘိက္ခုသီလ၊ ဘိက္ခုနီသီလ၊ သာမဏေသီလ၊ ဂဟဋ္ဌသီလ (၄)

စာရိတ္တသီလ = ပြုသင့် ပြုထိုက်တာကို မပြုသဖြင့် အပြစ်

ဝါရိတ္တသီလ = မပြုသင့် မပြုထိုက်တာကို ပြုသဖြင့် အပြစ်

၃။ ဘာဝနာ = သမထဘာဝနာ၊ ဝိပဿနာဘာဝနာ (၂)

၄။ အပစာယန = လောက်လောက နာမည်ကြီး၊ ဝါသည်ကြီး ကန့်ကွက် မရွေးဘဲ ရှိ၊ ရှိသော ရိုသေလေးစားမြတ်နိုးမှု။

၅။ ဝေယျာဝစ္စ = ကကျိုး၊ ကန့်ကွက် မရွေးဘဲ ရှိ၊ သားသောစိတ်ထားဖြင့် ကူညီဆောင်ရွက် ကြောင်းစေတနာ။

၆။ ပတ္တိဒါန = မိမိ၌ရှိ ကုသိုလ်ကို ကုသိုလ်ရပါစေ-ဟု တစ်ဦး၊ တစ်ယောက်ကိုဖြစ်စေ သတ္တဝါအားလုံးကိုဖြစ်စေ ပေးဝေမှု။

၇။ ပတ္တာနုမောဒန = ပေးဝေကပ်သော ကုသိုလ်အဖို့ကို ဝမ်းမြောက်ကြောင်းစေတနာ

ပတ္တိ = ဥဒ္ဒိဿိက ပတ္တိ = တစ်ဦးတစ်ယောက်ကို သီးခြားရည်ညွှန်း၍ ပေးကပ်သောအဖို့

အနုဒ္ဒိဿိက ပတ္တိ = သတ္တဝါအများကို ပေးကပ်သောအဖို့

၈။ ဓမ္မဿဝန = သူတပါးတို့၏ ဟောပြောခြင်းကို မကောင်းတတ်ဘဲ အသိဉာဏ် ကမ္မဝါတို့ စေ့တတ်ကြ စေလိုသောစိတ်ဖြင့် တရားနာခြင်း

၉။ ဓမ္မဒေသနာ = လာဘ်ရဖို့ ချီးမွမ်းဖို့ ငွေသတ်ပြားဖို့ နာမည်ကြီးဖို့ကို မမျှော်ဘဲ အများအတွက် အကျိုးဖြစ်ဖို့ ပြောဟောသောစေတနာဖြင့်ဟောမှု

၁၀။ ဒိဋ္ဌိဇုကမ္မ = ကောင်းမှုကောင်း ပြုကပ်သော ကံ ကံ၏အကျိုးကို ယုံကြည်တတ်သော ကမ္မဿကတာဉာဏ်

(ကုသိုလ်စေတနာကို ပြုသောအခါဖြစ်၍ ဉာဏ်နှင့်ယှဉ်သောစေတနာကိုလည်း ဒိဋ္ဌိဇုကမ္မ-ဟုခေါ်သည်)

ကမ္မဿကတာဉာဏ် = ကိုယ်ပြုလုပ်သည့်ကံသာ ဘဝဆက်တိုင်း လိုက်ပါနိုင်၏၊ ပစ္စည်း၊ ဥစ္စာစသည်တို့မှာ မလိုက်ပါနိုင်၊ ကံသာ ကိုယ်ပိုင်ဖြစ်၏၊ ပစ္စည်း၊ ဥစ္စာ စသည်တို့ကား ကိုယ်ပိုင်မဟုတ်-ဟုသိတတ်သောဉာဏ်

အယူကို ဖြောင့်မှန်အောင် ပြုထားခြင်း ဒိဋ္ဌိဇုကမ္မ ဖြစ်သည့်အခိုက်မှာ ဉာဏ်ယှဉ်မှု မဟာကုသိုလ်စိတ်သာဖြစ်၏၊ ရှေ့ကဆိုခဲ့ အယူကို ဖြောင့်မှန်အောင် ပြုမည်ဟု ကြံစည်ရာ ပုဗ္ဗစေတနာနှင့် နောက်အဖို့ အပရစေတနာ အခိုက်မှာကား မဟာကုသိုလ် (၈) ပါးလုံး ဖြစ်နိုင်ပြီ

ပုညကြိယာဝတ္ထု အကျဉ်း (၃) ပါး

ပတ္တိဒါန၊ ပတ္တာနုမောဒန (၂) ပါးကို ဒါနမယ၌ သွင်းရာ၏၊

အပစာယန၊ ဝေယျာဝစ္စ (၂) ပါးကို သီလမယ၌ သွင်းရာ၏၊

ဓမ္မဿဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌုဇုကမ္မ (၃) ပါးကို ဘာဝနာမယ၌ သွင်းရာ၏။

ဒိဋ္ဌုဇုကမ္မသည် အလုံးစုံသော ပုညကြိယာဝတ္ထုတို့၏ အကျိုးကြီးဖို့ရာ အမှတ်လက္ခဏာဖြစ်၏၊ ဒါန သီလ စသည်တို့၌ ကမ္မဿကတာဉာဏ် ဖြစ်သော ဒိဋ္ဌုဇုကမ္မ မပါလျှင် ဆိုင်ရာအကျိုး ကြီးကြီးမားမား မဖြစ်နိုင်၊ ဒိဋ္ဌုဇုကမ္မပါမှ ဉာဏသမ္ပယုတ်ကုသိုလ်ဖြစ်နိုင်၏၊ ဒိဋ္ဌုဇုကမ္မ မပါလျှင် ဉာဏ်မယှဉ်သော ဉာဏဝိပ္ပယုတ်ကုသိုလ်များသာ ဖြစ်၏။

ဒိဋ္ဌုဇုကမ္မသည် ဒါန သီလ ဘာဝနာ သုံးမျိုးလုံး၏ အကျိုးကြီးဖို့ အမှတ်လက္ခဏာဖြစ်သောကြောင့် ဒိဋ္ဌုဇုကမ္မကို ဒါန သီလ ဘာဝနာ သုံးမျိုးလုံး၌ သွင်းယူထိုက်သည်။